*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*

# မြန်မာနိုင်ငံရွေးကောက်ပွဲများနှင့် မြန်မာအမျိုးသမီးလွှတ်တော်အမတ်များ (၂)

မောင်စာဂ



## ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများပေါ်ပေါက်လာခြင်း

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၇ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးမြောက်ခဲ့ပြီးနောက် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်များ၊ ပြည်နယ်လွှတ်တော်များ လွှတ်တော်အသီးသီး ပေါ်ပေါက်လာသည်။

ပြည်ထောင်စုလွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဦးသိန်းစိန်အား နိုင်ငံတော်သမ္မတအဖြစ် တင်မြှောက်ခဲ့သည်။ နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများကို ဖွဲ့စည်းခဲ့သည်။ ဦးတင်အေး ဥက္ကဋ္ဌအဖြစ် ပါဝင်သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုလည်း ဖွဲ့စည်းခဲ့သည်။

တိုင်းဒေသကြီးများနှင့်ပြည်နယ်များတွင်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်နယ်အစိုးရ အဖွဲ့များပေါ်ပေါက်လာသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များနှင့် ဝန်ကြီးများကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေးမှုရှိလာရသည်။

## ကြားဖြတ်ရွေးကောက်ပွဲများကျင်းပရန် ပေါ်ပေါက်လာခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များကို ခန့်အပ်တာဝန်ပေးရာတွင် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်အချို့ ပါဝင်သဖြင့် သက်ဆိုင်ရာလွှတ်တော်မဲဆန္ဒနယ်များ လစ်လပ်သွားခဲ့ရသည်။ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်အချို့ နုတ်ထွက်ခြင်း၊ ကွယ်လွန်သွားခြင်းတို့ကြောင့်လည်း လစ်လပ်နေရာများ ဖြစ်ခဲ့ရသည်။ ထို့ကြောင့် ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် အခြေအနေပေါ်ပေါက်လာခဲ့သည်။

## နိုင်ငံရေးပါတီများ ပယ်ဖျက်ခြင်းနှင့် မှတ်ပုံတင်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂ (က) အရ နိုင်ငံရေးပါတီ ၅ ပါတီကို ကျင်းပပြီးစီးခဲ့သည့် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ မဲဆန္ဒနယ် (၃) နယ်တွင် ဝင်ရောက်မယှဉ်ပြိုင်နိုင်ခြင်းကြောင့် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခဲ့ရသည်။ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲပြီးနောက် နိုင်ငံရေးပါတီ ၁၀ ပါတီကို ထပ်မံ၍ မှတ်ပုံတင်ပေးခဲ့ရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်စသည့် နိုင်ငံရေးပါတီအချို့သည် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲကာလက နိုင်ငံရေးပါတီအဖြစ် ဆက်လက်မှတ်ပုံမတင်ခဲ့သော်လည်း ရွေးကောက်ပွဲကျင်းပပြီးနောက် မှတ်ပုံတင်လျှောက်ထားလာသဖြင့် ယင်းနိုင်ငံရေးပါတီများကိုလည်း မှတ်ပုံတင်ပေးခဲ့သည်။ ယခင်က မှတ်ပုံတင်ခဲ့သော ပါတီ ၄၂ ပါတီနှင့် အသစ်ပြန်လည်မှတ်ပုံတင်သောပါတီ ၁၀ ပါတီ စုစုပေါင်း နိုင်ငံရေးပါတီ ၅၂ ပါတီအထိ ရှိလာသည်။ ပယ်ဖျက်လိုက်သော ပါတီ ၅ ခုကို နုတ်က ၄၇ ပါတီ ကျန်ရှိသည်။

> ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲကာလက နိုင်ငံရေးပါတီအဖြစ် ဆက်လက်မှတ်ပုံမတင်ခဲ့သော်လည်း ရွေးကောက်ပွဲ ကျင်းပပြီးနောက် မှတ်ပုံတင်လျှောက်ထားလာသဖြင့် ယင်းနိုင်ငံရေးပါတီများကိုလည်း . . .

## ကြားဖြတ်ရွေးကောက်ပွဲကျင်းပခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၉-၁၂-၂၀၁၁ ရက်စွဲပါ ကြေညာချက်အမှတ် ၆၁/၂၀၁၁ အရ ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ လစ်လပ်မဲဆန္ဒနယ်များမှာ ပြည်သူ့လွှတ်တော်အတွက် ၃၇ နေရာ၊ အမျိုးသားလွှတ်တော်အတွက် ၆ နေရာ၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အတွက် ၂ နေရာ စုစုပေါင်း ၄၅ နေရာဖြစ်သည်။ နိုင်ငံရေးပါတီ ၁၇ ပါတီမှ ပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၅၀၊ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ် ၇ ဦး စုစုပေါင်း ၁၅၇ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

## ရွေးကောက်ပွဲရလဒ်

ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ပြည်သူ့လွှတ်တော်တွင် ၃၇ နေရာ၊ အမျိုးသားလွှတ်တော်တွင် ၄ နေရာ၊ တိုင်းဒေသကြီးလွှတ်တော်တွင် ၂ နေရာဖြင့် မဲဆန္ဒနယ်အများစုတွင် အနိုင်ရရှိသည်။ ကျန်မဲဆန္ဒနယ် ၂ နေရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ၁ နေရာ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီက ၁ နေရာ အနိုင်ရသည်။

## ရွေးကောက်တင်မြှောက်ခံရသော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ

ပြည်သူ့လွှတ်တော်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဒေါ်အောင်ဆန်းစုကြည် (ကော့မှူး)၊ ဒေါက်တာမေဝင်းမြင့် (မရမ်းကုန်း)၊ ဒေါ်စုစုလွင် (သုံးခွ)၊ ဒေါ်ဖြူဖြူသင်း (မင်္ဂလာတောင်ညွန့်)၊ ဒေါ်ခင်မွှေးလွင် (မင်းကင်း)၊ ဒေါ်ခင်စန်းလှိုင် (ပုလဲ)၊ ဒေါ်တင်တင်ရီ (ကျွန်းစု)၊ ဒေါ်ခင်သန္တာ (တံတားဦး)၊ ဒေါ်စန္ဒာမင်း (ဇမ္ဗူသီရိ)၊ ဒေါ်ခင်ဌေးကြွယ် (မော်လမြိုင်)၊ ဒေါက်တာဒေါ်သန်းငွေ (ကလော)၊ ဒေါ်မြင့်မြင့်စန်း (ဝါးခယ်မ) စုစုပေါင်း ၁၂ ဦးဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဒေါက်တာလှမြတ်သွေး (ရေကြည်-၂) က ရွေးကောက်တင်မြှောက်ခံရသည်။

## ဒုတိယအကြိမ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၈-၇-၂၀၁၅ ရက်စွဲပါ ကြေညာချက်အမှတ် ၂၈/၂၀၁၅ ဖြင့် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ မဲဆန္ဒနယ်စုစုပေါင်း ၁၁၇၁ နယ်ရှိသည့်အနက် ၁၁၅၀ နယ်တွင် ရွေးကောက်ပွဲများ ကျင်းပခဲ့သည်။ ပြည်သူ့လွှတ်တော်အတွက် ၃၂၃ နေရာ၊ အမျိုးသားလွှတ်တော်အတွက် ၁၆၈ နေရာ၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အတွက် ၆၃၀ နေရာ၊ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် ၂၉ နေရာတို့ဖြစ်သည်။ နိုင်ငံရေးပါတီများ မှတ်ပုံတင်မှုအခြေအနေမှာ ပါတီ ၉၁ အထိရှိလာသည်။

ရွေးကောက်ပွဲကျင်းပမည့် လွှတ်တော်မဲဆန္ဒနယ်အသီးသီးအတွက် နိုင်ငံရေးပါတီပေါင်း ၉၁ ပါတီမှ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၇၂၈ ဦး၊ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၁၀ ဦး၊ စုစုပေါင်း ၆၀၃၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

## ရွေးကောက်ပွဲရလဒ်

ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီစုစုပေါင်း ၂၂ ပါတီ ရွေးကောက်တင်မြှောက်ခံရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် မဲဆန္ဒနယ်အများအပြား၌ အနိုင်ရရှိခဲ့သည်။

ပြည်သူ့လွှတ်တော်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၂၅၅ နေရာ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ၃၀ နေရာ၊ ရခိုင်အမျိုးသားပါတီနှင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ၁၂ နေရာစီ၊ ကျန်ပါတီများအနေဖြင့် ၃ နေရာ၊ ၂ နေရာ၊ ၁ နေရာနှင့် တစ်သီးပုဂ္ဂလ ၁ နေရာ စသည်ဖြင့် ကိုယ်စားလှယ်စုစုပေါင်း ၃၂၃ ဦး ရွေးကောက်တင်မြှောက်ခံရသည်။

အမျိုးသားလွှတ်တော်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၁၃၅ နေရာ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ၁၁ နေရာ၊ ရခိုင်အမျိုးသားပါတီ ၁၀ နေရာ၊ ကျန်ပါတီများအနေဖြင့် ၃ နေရာ၊ ၂ နေရာ၊ ၁ နေရာ စသည်ဖြင့် ကိုယ်စားလှယ်စုစုပေါင်း ၁၆၈ ဦး

**စာမျက်နှာ (၁၉) သို့**

**စာမျက်နှာ (၁၅) မှ**

ရွေးကောက်တင်မြှောက်ခံရသည်။

တိုင်းဒေသကြီးလွှတ်တော်များနှင့် ပြည်နယ်လွှတ်တော်များတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် ၂၁ နေရာ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၄၉၆ ဦး ရွေးကောက်တင်မြှောက်ခံရသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ၇၆ နေရာ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ၂၅ နေရာ၊ ရခိုင်အမျိုးသားပါတီ ၂၃ နေရာ၊ တအာင်း(ပလောင်)အမျိုးသားပါတီ ၇ နေရာ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PMO) ပါတီ ၆ နေရာနှင့် ကျန်ပါတီများအနေဖြင့် ၃ နေရာ၊ ၂ နေရာ၊ ၁ နေရာနှင့် တစ်သီးပုဂ္ဂလ ၁ နေရာ စသည်ဖြင့် ကိုယ်စားလှယ်စုစုပေါင်း ၆၃၀ ရွေးကောက်တင်မြှောက်ခံရသည်။

## ရွေးကောက်တင်မြှောက်ခံရသော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ

ပြည်သူ့လွှတ်တော်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဒေါ်အောင်ဆန်းစုကြည် (ကော့မှူး)၊ ဒေါ်မြင့်မြင့်စိုး(ခ)မေစိုး (ဗိုလ်တထောင်)၊ ဒေါ်ဖြူဖြူသင်း (မင်္ဂလာတောင်ညွန့်)၊ ဒေါ်ဇင်မာအောင် (ရန်ကင်း)၊ ဒေါ်အေးမြမြမျိုး (ကျောက်တန်း)၊ ဒေါ်စုစုလွင် (သုံးခွ)၊ ဒေါက်တာသက်သက်ခိုင် (ဒဂုံ)၊ ဒေါက်တာမေဝင်းမြင့် (မရမ်းကုန်း)၊ ဒေါ်ခင်မို့မို့အောင် (လသာ)၊ ဒေါ်စန်းစန်းအိ (မိုးညှင်း)၊ ဒေါ်ဝင့်ဝါထွန်း (ရှားတော)၊ ဒေါက်တာဒေါ်ခင်စည်သူ (လှိုင်ကော်)၊ ဒေါ်နန်းထွေးသူ (ဖားဆောင်း)၊ ဒေါ်နန်းသန်းသန်းလွင် (ဘားအံ)၊ ဒေါ်နီရွှေလျှန်း (ထန်တလန်)၊ ဒေါ်အေးအေးမူ(ခ)ရှားမီး (ကလေး)၊ ဒေါက်တာဒေါ်ပြုံး (အင်းတော်)၊ ဒေါ်ခင်စန်းလှိုင် (ပုလဲ)၊ ဒေါ်ချိုချိုဝင်း (မော်လိုက်)၊ ဒေါက်တာအေဇင်လတ် (ရွှေဘို)၊ ဒေါ်ခင်စန္ဒီ (လောင်းလုံ)၊ ဒေါ်တင်တင်ရီ (ကျွန်းစု)၊ ဒေါ်ချိုချို (အုတ်တွင်း)၊ ဒေါက်တာဒေါ်ရွှေပုံ (ပဲခူး)၊ ဒေါ်ခင်နှင်းသစ် (ပန်းတောင်း)၊ ဒေါ်နီနီဒွန်း (ပေါက်ခေါင်း)၊ ဒေါက်တာခင်စိုးစိုးကြည် (ပြည်)၊ ဒေါ်မြခွာညိုဦး (ရွှေတောင်)၊ ဒေါ်ယဉ်မင်းလှိုင် (ဂန့်ဂေါ)၊ ဒေါ်ခင်သန်းနု (မင်းတုန်း)၊ ဒေါက်တာကြည်မို့မို့လွင် (စဉ့်ကိုင်)၊ ဒေါ်စိုးနွယ်အေး (တံတားဦး)၊ ဒေါ်ခင်ငွေးကြွယ် (ချောင်းဆုံ)၊ ဒေါ်မိကွန်ချမ်း (ပေါင်)၊ ဒေါ်မာမာခိုင် (သထုံ)၊ ဒေါ်နီနီမေမြင့် (တောင်ကုတ်)၊ ဒေါ်ပြုံးကေသီနိုင် (ကလော)၊ ဒေါက်တာဒေါ်သန်းငွေ (တောင်ကြီး)၊ ဒေါက်တာဒေါ်ခင်ညို (ဒေးဒရဲ)၊ ဒေါ်သန္တာ (အိမ်မဲ)၊ ရခိုင်အမျိုးသားပါတီမှ ဒေါ်ခင်စောဝေ (ရသေ့တောင်)၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှ ဒေါ်နန်းခမ်းအေး (နမ္မတူ)၊ ဒေါ်နန်းခင်စော (ကွန်ဟိန်း)၊ တအာင်း(ပလောင်)အမျိုးသားပါတီမှ ဒေါ်နန်းမိုး (မန်တုံ) စုစုပေါင်း ၄၄ ဦးဖြစ်သည်။

အမျိုးသားလွှတ်တော်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဒေါ်ရှီလာနန်တောင်(ခ)အမ် နန်တောင် (ကချင်-၂)၊ ဒေါက်တာခင်မကြီး (ကချင်-၈)၊ ဒေါ်ရှားမူ (ကယား-၅)၊ ဒေါ်လွီးဇာ (ကယား-၆)၊ ဒေါ်နော်မြစေး (ကယား-၁၁)၊ ဒေါ်နန်းမိုးမိုးထွေး (ကရင်-၄)၊ ဒေါ်နန်းခရစ္စထွန်း(ခ)ဒေါက်တာအာကာမိုး (ကရင်-၇)၊ ဒေါ်နော်ဆာမူထူး (ကရင်-၁၁)၊ ဒေါ်ခင်ဆွေလွင် (ချင်း-၉)၊ ဒေါ်ရွှေရွှေစိန်လတ် (ပဲခူး-၃)၊ ဒေါက်တာတင်တင်ဝင်း (ပဲခူး-၅)၊ ဒေါ်သန်းသန်းအေး (မကွေး-၇)၊ ဒေါ်လှငွေး (ခ) ဒေါ်အုန်းကြည် (မန္တလေး-၄)၊ ဒေါ်နွယ်နွယ်အောင် (မွန်-၂)၊ ဒေါ်မြတ်သီတာထွန်း (မွန်-၅)၊ ဒေါ်သီရိရတနာ (မွန်-၁၂)၊ ဒေါ်နော်လှလှစိုး (ရန်ကုန်-၁၀)၊ ဒေါ်မမလေး (ရှမ်း-၈)၊ ဒေါ်အိအိပြုံး (ဧရာဝတီ-၈)၊ ဒေါ်မေသန်းနွဲ့ (ဧရာဝတီ-၁၁)၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဒေါ်ကျိန်ငိုက်မန် (ချင်း-၇)၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဒေါ်နန်းနီနီအေး (ကရင်-၆)၊ ရခိုင်အမျိုးသားပါတီမှ ဒေါ်ထုမေ (ရခိုင်-၁၁) စုစုပေါင်း ၂၃ ဦးဖြစ်သည်။

တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဒေါ်မြသွေးစံ (မိုးကောင်း-၂)၊ ဒေါ်ဂျေထုရော် (ဆွမ်ပရာဘွမ်-၁)၊ ဒေါ်နန်းခင်ထွေးမြင့် (ဘားအံ-၁)၊ ဒေါ်နန်းသူဇာဝင်း (ကော့ကရိတ်-၁)၊ ဒေါ်စုမြတ်ထက် (စစ်ကိုင်း-၂)၊ ဒေါ်နီလာလွင် (မြင်းမူ-၂)၊ ဒေါ်အေးမြတ်မွန် (မြောင်-၁)၊ ဒေါ်သင်းသင်းကြူ (ခင်ဦး-၁)၊ ဒေါ်ခင်မျိုးချစ် (ကန့်ဘလူ-၁)၊ ဒေါ်နှင်းခိုင်စိုး (ဒီပဲယင်း-၁)၊ ဒေါ်အမာကြည် (မုံရွာ-၁)၊ ဒေါ်အောင်ကြည် (မုံရွာ-၂)၊ ဒေါ်ခင်နှင်းရီ (ယင်းမာပင်-၁)၊ ဒေါ်အောင်မေရီ (ယင်းမာပင်-၂)၊ ဒေါ်ဖြူဖြူဝင်း (ကောလင်း-၁)၊ ဒေါ်ခိုင်ခိုင်ဝင်း (ဝန်းသို-၂)၊ ဒေါ်သန့်ဝေကျော် (ကလေး-၁)၊ ဒေါက်တာလဲ့လဲ့မော် (သရက်ချောင်း-၁)၊ ဒေါ်ရီရီချို (မြိတ်-၂)၊ ဒေါ်ရီရီထိုက် (ဝေါ-၂)၊ ဒေါ်လှလှဝင်း (ရွှေကျင်-၂)၊ ဒေါ်နွယ်နီဝင်း (ဖြူး-၂)၊ ဒေါ်ဇင်မိုးထိုက် (ပန်းတောင်း-၁)၊ ဒေါ်ပပဟန် (ပန်းတောင်း-၂)၊ ဒေါ်မူမူခင် (သာယာဝတီ-၁)၊ ဒေါ်ညွန့်ညွန့်ငွေး (အုတ်ဖို-၁)၊ ဒေါ်ခင်ချိုလတ် (မကွေး-၂)၊ ဒေါ်စန်းစန်းဝင်း (ချောက်-၁)၊ ဒေါ်ညိုညိုဦး (စေတုတ္တရာ-၁)၊ ဒေါ်အေးယုမော် (သရက်-၁)၊ ဒေါ်ဇင်နီနီဝင်း (ပခုက္ကူ-၂)၊ ဒေါ်မြင့်စန်း (ပေါက်-၂)၊ ဒေါ်သက်မွန်အေး (ဆိပ်ဖြူ-၁)၊ ဒေါ်ယဉ်ယဉ်အောင် (ထီးလင်း-၂)၊ ဒေါ်သင်းမြမြသင်း ( မြစ်သား-၂)၊ ဒေါ်ငြိမ်းသက်နွယ် (နွားထိုးကြီး-၁)၊ ဒေါ်သဲစုဝေ (ငါန်းဇွန်-၁)၊ ဒေါ်သီတာငြိမ်း (မလှိုင်-၂)၊ ဒေါ်ခင်မျိုးမြင့် (ကျိုက်မရော-၁)၊ ဒေါ်ကြည်ကြည်မြ (ချောင်းဆုံ-၂)၊ ဒေါ်တင်အိ (သံဖြူဇရပ်-၁)၊ ဒေါ်မြသီဂီမော် (မုဒုံ-၁)၊ ဒေါ်ခိုင်ခိုင်လဲ့ (သထုံ-၁)၊ ဒေါ်သန္တာမိုး (မင်္ဂလာဒုံ-၂)၊ ဒေါ်မြတ်မာလာထွန်း (လှည်းကူး-၁)၊ ဒေါ်သီတာ (ခ) ဒေါ်သီတာမောင် (ရန်ကင်း-၁)၊ ဒေါ်သစ်သစ်မြင့် (တောင်ဥက္ကလာပ -၁)၊ ဒေါ်သက်ထားနွယ်ဝင်း (သာကေတ-၂)၊ ဒေါက်တာဖြူဖြူခိုင် (ဒဂုံမြို့သစ်ဆိပ်ကမ်း-၁)၊ ဒေါ်သက်သက်မူ (ကျောက်တန်း-၂)၊ ဒေါ်သန္တာအေး (ကော့မှူး-၁)၊ ဒေါ်စန္ဒာမင်း (ဆိပ်ကြီးခနောင်တို-၁)၊ ဒေါ်ကြည်ပြာ (ကျောက်တံတား-၁)၊ ဒေါ်မြလှစံ (ကျောက်တံတား-၂)၊ ဒေါ်စိုးပပလှိုင် (ပန်းဘဲတန်း-၂)၊ ဒေါ်ယဉ်ယဉ်မြင့် (အလုံ-၁)၊ ဒေါ်နွယ်နွယ်ဝင်း (အလုံ-၂)၊ ဒေါ်အေးအေးမာ (လမ်းမတော်-၁)၊ ဒေါ်ခိုင်မာငွေး (လှိုင်-၂)၊ ဒေါ်မိုးမိုးစုကြည် (မရမ်းကုန်း-၂)၊ ဒေါ်မေရီရှို့ (ဖယ်ခုံ-၁)၊ ဒေါ်ရီရီဝင်း (မိုးမိတ်-၁)၊ ဒေါ်ခင်မိုးဝါ (သာပေါင်း-၁)၊ ဒေါ်သီတာ (ကျုံပျော်-၁)၊ ဒေါက်တာလှမြတ်သွေး (ရေကြည်-၂)၊ ဒေါ်စုစုအောင် (မြန်အောင်-၂)၊ ဒေါ်ခိုင်ဇင်ဦး (မြောင်းမြ-၂)၊ ဒေါ်ရီရီထွန်း (အိမ်မဲ -၁)၊ ဒေါ်မြင့်မြင့်စန်း (ဝါးခယ်မ-၂)၊ ဒေါ်နီနီမိုး (ညောင်တုန်း-၁)၊ ဒေါ်နော်ပွယ်ဆေး (ကရင်တိုင်းရင်းသားလူမျိုးလွှတ်တော်မဲဆန္ဒနယ်၊ ပဲခူးတိုင်းဒေသကြီး)၊ ဒေါ်စံဝင့်ခိုင် (ပအိုဝ်းတိုင်းရင်းသားလူမျိုးလွှတ်တော်မဲဆန္ဒနယ်၊ မွန်ပြည်နယ်)၊ ဒေါ်ပန်းသဉ္ဇာမျိုး (ကရင်တိုင်းရင်းသားလူမျိုးလွှတ်တော်မဲဆန္ဒနယ်၊ ရန်ကုန်တိုင်းဒေသကြီး)၊ ဒေါ်ဂျူမိုးမြတ်မြတ်သူ (ကရင်တိုင်းရင်းသားလူမျိုးလွှတ်တော်မဲဆန္ဒနယ်၊ ဧရာဝတီတိုင်းဒေသကြီး)၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်မှ ဒေါ်နန်းမြထွေး (လွိုင်လင်-၂) ၊ ဒေါ်နန်းဖွေးဟွမ်ဦး (မောက်မယ်-၁)၊ ဒေါ်နန်းခင်ထားရီ (သိန္နီ-၁)၊ ဒေါ်နန်းစမ်းစမ်းအေး (သီပေါ-၁)၊ ဒေါ်နန်းစံဟွမ် (နမ္မတူ-၂)၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဒေါ်ခင်စောမူ (ကန်ကြီးထောင့်-၂)၊ ဒေါ်လွမ်းလမ်း (ဆော့လော်-၁)၊ တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ (T.N.D.P ) မှ ဒေါ်မွေးမွေးခင် (ရှမ်းတိုင်းရင်းသားလူမျိုးလွှတ်တော်မဲဆန္ဒနယ်၊ စစ်ကိုင်းတိုင်းဒေသကြီး)၊ ကချင်ပြည်နယ်ဒီမိုကရေစီပါတီမှ ဒေါ်ဂျာဆိုင်းခေါ်န် (အင်ဂျင်းယန်း-၂)၊ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) မှ ဒေါ်ခေါ်မာဝူ (ဆော့လော်-၂) စုစုပေါင်း ၈၄ ဦးဖြစ်သည်။

## နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ခြင်း

ပြည်ထောင်စုလွှတ်တော်သည် ၁၅-၃-၂၀၁၆ ရက်စွဲပါ ကြေညာချက်အမှတ် ၁/၂၀၁၆ အရ ၂၀၁၆ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဦးထင်ကျော်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၄၆ အရ ကြေညာခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းမ ၂၁ားဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင်လည်း အစိုးရအဖွဲ့အသစ်များ ပြောင်းလဲဖွဲ့စည်းမှု ဖြစ်လာခဲ့သည်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပြန်လည်ဖွဲ့စည်းခြင်း

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈ ပုဒ်မခွဲ(က) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ(င) တို့အရ ဦးလှသိန်းဥက္ကဋ္ဌအဖြစ် ဦးဆောင်သော အဖွဲ့ဝင် ၄ ဦးပါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းလိုက်ကြောင်း ၃၀-၃-၂၀၁၆ ရက်စွဲပါ ကြေညာချက်အမှတ် ၄/၂၀၁၆ ဖြင့် ကြေညာခဲ့သည်။

ဦးလှသိန်းဥက္ကဋ္ဌအဖြစ် ဦးဆောင်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းကာလအတွင်း ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ကြားဖြတ်ရွေးကောက်ပွဲတစ်ကြိမ်၊ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ကြားဖြတ်ရွေးကောက်ပွဲတစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်ကျင်းပခဲ့သည်။

အဆိုပါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကျင်းပပြီးစီးခဲ့သည့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများအကြောင်း ဆက်လက်ဖော်ပြပါမည်။